# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော့်တပည့်လေးတွေဟာ ဒီကျောင်းက ရှစ်တန်းကို စတင်ဖြေဆိုကြတဲ့ ကျောင်းသားတွေဖြစ်ပေမယ့် အများဆုံးဖြေဆိုနိုင်ကြပြီး အများဆုံးအောင်မြင်ကြလိမ့်မယ်လို့ ကျွန်တော်တို့ဆရာနှစ်ဦးစလုံးက ယုံကြည်ထားကြပါတယ်"

"နောက်ပြီးတော့ ကျောင်းသား၊ ကျောင်းသူတွေ မြေပုံမြို့ကိုသွားပြီး စာမေးပွဲဖြေရမယ့်ကိစ္စ ဘာမှမစိုးရိမ်ကြပါနဲ့၊ ကျွန်တော်ကိုယ်တိုင် ကိုယ့်စရိတ်နဲ့ကိုယ် အကုန်အကျခံပြီး လိုက်ပေးပါ့မယ်။ မိဘတွေကတော့ ကိုယ့်သားသမီးတွေအတွက် လိုက်လိုတဲ့ဆန္ဒရှိရင် လိုက်ပေးကြပါ၊ မအားမလပ် အဆင်မပြေ စသည်အားဖြင့် အခက်အခဲရှိနေရင် လိုက်စရာမလိုပါဘူး။ ရပါတယ်။ ကျွန်တော် တာဝန်ယူပါတယ်။ တည်းဖို့ခိုဖို့က အစ ကျွန်တော် အဆင်အပြေဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်"

"နောက်တစ်ခုပြောလိုတာက ငွေကြေးကုန်ကျမှုစရိတ်အတွက် ကျောင်းသားတစ်ယောက်ကို ၆၀ ကျပ်ထက် အပိုမယူကြပါနဲ့၊ ၆၀ ဆို မော်တော်ခ သွား/ပြန် အတွက်ပါ လုံလောက်ပါတယ်"

ကျောင်းသားမိဘတွေကတော့ ငြိမ်သက်စွာနားထောင်နေကြသည်။ တချို့ကလည်း အံ့သြသွားကြသလားမသိ၊ အာရုံစူးစိုက်လှမ်းကြည့်ကြသည်။

"ခု အကုန်လုံး ကျောင်းသား၊ ကျောင်းသူ ၁၂ ယောက်ဖြေမယ်။ ယောကျ်ားလေးရှစ်ယောက်၊ မိန်းကလေး လေးယောက်ဖြစ်ပါတယ်"

"ကျွန်တော် ဟိုရောက်ရင် ကျောင်းသားတွေကို သူ့နေရာနဲ့သူ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်"

"ကျောင်းသားမိဘတွေကို ကျွန်တော်တစ်ခုပြောလိုတာက ကျွန်တော်တို့က ဟိုရောက်ရင် စုပေါင်းပြီးတော့ တည်းကြရမှာ မဟုတ်ပါဘူး။ စုပေါင်းပြီး ထမင်းဟင်းချက်စားဖို့ မိဘတွေလည်း မပါတာကြောင့် သက်ဆိုင်ရာ ရင်းနှီးတဲ့အိမ်၊ ဆွေမျိုးမကင်းတဲ့အိမ်တွေမှာပဲ တစ်ယောက်တစ်နေရာ ဒါမှမဟုတ် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တည်းကြရမှာဖြစ်ပါတယ်။ ကလေးတွေမို့လည်း ထမင်းဆိုင်မှာ ထွက်စားလို့လည်း အဆင်မပြေနိုင်လောက်ပါဘူး"

"ဒါကြောင့် ကိုယ်တည်းတဲ့အိမ်မှာပဲ အိပ်ကြရ၊ စားကြရပါမယ်။ ဒီအတွက် ကျွန်တော်ပြောလိုတာက ကိုယ်တည်းတဲ့အိမ်ရှင်တွေအတွက် ဆန်ထုပ်ရယ်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်လေးရယ် ကိုယ်စားမယ့်ဟာထက် ပိုပိုသာသာလေးယူသွားကြဖို့တော့လိုမယ်ခင်ဗျ။ တောက စားစရာလက်ဆောင်လေးတွေပါတော့ ဧည့်သည်ရော အိမ်ရှင်ပါ အဆင်ပြေတာပေါ့ဗျာ"

ကျွန်တော် ကျောင်းသားမိဘများကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဆေးပြင်းလိပ်သောက်နေသူတစ်ယောက် နှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်သာ နှုတ်ခမ်းရွဲ့တွဲတွဲမှာ ဆေးတံရိုးကိုထိုးသွင်းပြီး ဆေးတံဆီခံနေတာ တွေ့ရသည်။ တခြားကျောင်းသားမိဘတွေကတော့ အာရုံစူးစိုက်နားထောင်နေကြသည်။

**"ကျောင်းသားမိဘတွေကို ကျွန်တော်တစ်ခုပြောလိုတာက ကျွန်တော်တို့က ဟိုရောက်ရင် စုပေါင်းပြီးတော့ တည်းကြရမှာ မဟုတ်ပါဘူး။ စုပေါင်းပြီး ထမင်းဟင်းချက်စားဖို့ မိဘတွေလည်း မပါတာကြောင့် သက်ဆိုင်ရာ ရင်းနှီးတဲ့အိမ်၊ ဆွေမျိုးမကင်းတဲ့အိမ်တွေမှာပဲ တစ်ယောက်တစ်နေရာ ဒါမှမဟုတ် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တည်းကြရမှာဖြစ်ပါတယ်။ ကလေးတွေမို့လည်း ထမင်းဆိုင်မှာထွက်စားလို့လည်း အဆင်မပြေနိုင်လောက်ပါဘူး . . ."**

"ခုလို ကျွန်တော်တို့ သားသမီးတွေပညာရေးအတွက် အရေးတစိုက်စီစဉ်ပေးတဲ့ ဆရာဦးဘညွန့်ကို အထူးပင်ကျေးဇူးတင်ကြောင်း ကျောင်းသားမိဘများကိုယ်စားပြောကြားလိုပါတယ်၊ မိဘတွေ လိုက်ပါစရာမလိုဘဲ ဆရာဦးဘညွန့်ကပဲ စီစဉ်အုပ်ချုပ်ပြီး အသွားအပြန်ဆောင်ရွက်ပေးမယ်ဆိုတော့ မိဘတွေ ပိုပြီးဝမ်းသာရပါတယ်။ ကိုယ့်ရွာနဲ့ ကိုယ့်ဆရာ၊ ကိုယ့်တပည့်အဆင်ပြေလှပါတယ်။ ပိုက်ဆံ ၆၀ ကျပ်ဆိုတာကလည်း လူတိုင်းပေးနိုင်ကြမှာပါ၊ ငါးပိ၊ ငါးခြောက်ဆိုတာ ဘာခက်တာမှတ်လို့၊ ကိုယ့်ဒေသထွက်တွေပဲ၊ အကုန်လုံးအဆင်ပြေပါတယ်"

"ဟုတ်တယ် ကောင်းပါတယ်ဆရာ"

"ကျေးဇူးပါ ဆရာ"

"တော်တော် အဆင်ပြေပါတယ်"

"ကောင်းပါတယ်ဆရာ အစစအရာရာ အဆင်ပြေပါစေ"

ဦးကျော်သာအောင်က ကျောင်းသားမိဘများကိုယ်စား ထပြီးဆွေးနွေးလိုက်ချိန်တွင် ဦးမောင်ဆိုင်၊ ဦးစံဖေ၊ ဦးကျော်ထင်၊ ဦးအုန်းပွင့်တို့ကပါ အားရဝမ်းသာ ထပြောကြသည်။

"ဟုတ်ပါပြီ မြေပုံမြို့ကို ကမ်းထောင်းကြီးကနေတစ်ဆင့် ရက်မှန်သွားနေတဲ့ မော်တော်နဲ့လိုက်ရမှာဖြစ်လို့ သတ်မှတ်တဲ့နေ့မှာ ကမ်းထောင်းကြီးကို ကိုယ့်လှေလေးနဲ့ကိုယ် နှစ်ယောက်တစ်စင်း၊ သုံးယောက်တစ်စင်း မိဘတွေက လိုက်ပို့ကြရမှာနော် "ရပါတယ် ဆရာ ရပါတယ်၊ အတူတူလှော်ခတ်သွားကြတော့ ပျော်ဖို့တောင်ကောင်းသေးတယ်"

"ကဲ ဟုတ်ပါပြီ၊ ပြန်နိုင်ကြပါပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ကျောင်းသား၊ ကျောင်းသူများအတွက် ပြဿနာတစ်ခုကို ဖြေရှင်းပေးနိုင်သည့်အတွက် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေမိသည်။ နောက်တစ်ပတ်အကြာမှာပဲ ကျွန်တော်နှင့် ရှစ်တန်းကျောင်းသား၊ ကျောင်းသူများသည် ကမ်းထောင်းကြီးရွာမှ ပုံမှန်ထွက်နေသော လိုင်းစက်လှေဖြင့် မြေပုံမြို့သို့ လိုက်ပါလာခဲ့ကြသည်။

မြေပုံမြို့တွင် ယင်းအချိန်အခါ၌ မော်တော်ကားဟူ၍ တစ်စီးတစ်လေမျှပင် မရှိသေး။ ဆိုက်ကားဟူသည်ပင် များများစားစား မရှိသေးပါ။ ကျွန်တော်သည် သဲတန်းရပ်ကွက်ဘက်တွင်တည်းခိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဈေးနားရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်တို့တွင် တည်းခိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သီးသန့်စီခွဲထားလိုက်သည်။ ပထမဆုံး သဲတန်းရပ်ကွက်တွင်တည်းခိုကြမည့် ကျောင်းသားများကိုခေါ်ပြီး သဲတန်းရပ်ကွက်ဘက်သို့ လျှောက်လာခဲ့ကြသည်။ ဆရာဦးသိန်းထွန်းဦး (သရက်တောင်ရွာတွင် တာဝန်ကျနေသောဆရာ)ကို အကျိုးအကြောင်းပြောပြပြီး ကျောင်းသားနှစ်ယောက် အပ်ထားခဲ့သည်။ ယင်းမှ ဆက်လျှောက်လာခဲ့ရာ ကိုသိန်းဖေ (ကျွန်တော်နှင့် ကျောက်ဖြူတွင် ကျောင်းအတူတက်ခဲ့ကြပြီး H.S.F အောင်သွားရာ သ/မဦးစီးဌာနတွင် စာရေးဝန်ထမ်းလုပ်နေသူ)ဆီသွားပြီး ကျောင်းသားနှစ်ယောက်အပ်နှံထားခဲ့သည်။ ယင်းမှ ရဲစခန်းအနီးရှိ ဦးဖြူယေ (ဇာတိသရက်တောင်ရွာသား) ဆီတွင် ကျောင်းသားတစ်ယောက် အပ်နှံထားခဲ့သည်။

မြေပုံမြို့ ဈေးနားပိုင်းအရောက်တွင် ဦးသန်းရွှေ (သရက်တောင်တွင် ကျောင်းဆရာတာဝန်ထမ်းဆောင်နေသူ) ထံတွင် ကျောင်းသားနှစ်ယောက်၊ မြေပုံမြောက်ပိုင်းရပ်ကွက်နေ ဦးစိန်ကျော်ဦး (ကျောင်းအုပ်(ငြိမ်း) သရက်တောင်ရွာတွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့သူ) ထံတွင် ကျောင်းသားတစ်ယောက်၊ မြေပုံမြို့ တစ်ရာတန်အနီး ဦးဘရှိန်၊ ဒေါ်ရွှေတင်တို့ထံတွင် ကျောင်းသားတစ်ယောက် (ဒေါ်ရွှေတင်မှာ သရက်တောင်ရွာသူဖြစ်သည်)၊ နောက်ဆုံး ကျွန်တော်တည်းခိုမည့် အုန်းတောရပ်ကွက်ရှိအိမ်တွင် ကျွန်တော်နှင့်အတူ ကျောင်းသားသုံးယောက် တည်းခိုကြသည်။ ကျွန်တော်နှင့် ကျောင်းသား၊ ကျောင်းသူများမှာ အထုပ်တွေကိုဆွဲကာ မနိုင်မနင်း မြို့ထဲသို့ခြေကျင်လျှောက်ပြီး သွားနေကြသည်မှာ လူတကာမြင်လျှင် အဆင်မပြေဖြစ်နေကြမည်မှာ အမှန်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသားများ ကိုယ့်အိမ်နှင့်ကိုယ် တည်းဖို့ခိုဖို့ အနေအထားကျသွားသဖြင့် ကျွန်တော် ကျေနပ်နေမိပါသည်။

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ

မည်သော မြန်မာ့ရိုးရာ ဆရာ့ကျင့်ဝတ် ရန့်အလင်္ကာသည် ကျွန်တော်၏ခံစားချက်နှလုံးအိမ်အား ကောင်းကောင်းပက်ဖျန်းလျက် ရှိနေလေပြီတကား။

■ ■ ■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

## သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



သထုံ နိုဝင်ဘာ ၇

မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ နော်အက်စတာက အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ ရွှေထုံခင်သီတာလှိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့်လူငယ်များဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (သထုံ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# ဒေသမျိုးရင်းသစ်စေ့ မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ်ရရှိရေးအတွက် သစ်စေ့ထုတ်ဧရိယာများ တိုးချဲ့တည်ထောင်သွားရန်လိုအပ်



နေပြည်တော် နိုဝင်ဘာ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကြိုးဝိုင်း အကွက်အမှတ် (၄)ရှိ ဒဟတ်သစ်စေ့ထုတ်ဧရိယာသို့ သွားရောက်၍ သစ်စေ့ထုတ် ဧရိယာအတွင်းမှ အပူပိုင်းဒေသမျိုးရင်း ဒဟတ်သစ်မျိုးစေ့များ စုဆောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက နှစ်အလိုက် သစ်စေ့စုဆောင်းမှု၊ သိုလှောင်ထိန်းသိမ်းမှု၊ ဖြန့်ဖြူးပျိုးထောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသရှိ ခရိုင် ၁၃ ခုအတွင်း ရာသီဥတုနှင့်ကိုက်ညီသည့် ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးရေးသည် အထူးအရေးကြီးကြောင်း၊ ဒေသမျိုးရင်းသစ်စေ့ မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ်ရရှိရေးအတွက် သစ်စေ့ထုတ်ဧရိယာများ တိုးချဲ့တည်ထောင်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် မုန်တိုင်ကြိုးဝိုင်းအကွက်အမှတ်(၄)ရှိ ၁/၂၀၂၄ ကျေးရွာသုံးထင်းစိုက်ခင်း ၃၀ ဧကနှင့် ၂/၂၀၂၄ အခြားစိုက်ခင်း ၂၅ ဧကအတွင်း တမာ၊ ဒဟတ်၊ မဲဇလီ၊ ကုက္ကိုသစ်မျိုးများ စိုက်ပျိုးရှင်သန်နေမှုကိုလည်းကောင်း၊ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ရှိ မယ်ညိုတောင် ကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် အပူပိုင်းဒေသသစ်မျိုးများ စိုက်ပျိုးထားသော တစ်အုပ်တစ်မစိုက်ခင်းကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၀၀ နှင့် အမြန်လမ်းမကြီးဝဲယာ တစ်အုပ်တစ်မစိုက်ခင်းဧက ၅၀ ရှင်သန်အောင်မြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်သစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးပင် ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် ၂၀ မျိုးနှင့် မြန်မာ့ရှားပါး သစ်ခွမျိုးစိတ် ၆၀ မျိုးတို့၏ မျိုးရိုးဗီဇထိန်းသိမ်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ထင်းကြိုးဝိုင်း အကွက်အမှတ်(၁၁)အတွင်း ပြီးခဲ့သည့်နှစ်နှင့်ယခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်အပင်များ ရှင်သန်အောင်မြင်မှုကိုလည်းကောင်း၊ ထင်းကြိုးဝိုင်း အကွက်အမှတ်(၁၄)ရှိ ချယ်ရီတစ်အုပ်တစ်မစိုက်ခင်း ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ ရေသန့်စင်အလုပ်ရုံတို့တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ စစ်ဆေးပြုပြင်ပြီးစီးမှု၊ တပ်ဆင်ရန်ကျန်ရှိနေမှု၊ စက်ပစ္စည်းများ စမ်းသပ်မောင်းနှင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အနေဖြင့် တောင်ကြီး အေးသာယာစက်မှုဇုန်၊ မူဆယ်စက်မှုရပ်ကွက်၊ တာချီလိတ်စက်မှုရပ်ကွက်များ တည်ထောင်ထား၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၅၆၁ ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း တိုင်းရင်းသားလုပ်ငန်းရှင်များအား စက်မှုဇုန်များတွင် ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရေး ဖိတ်ခေါ် ပေးနိုင်ပါရန် ပြည်နယ်အစိုးရကို တိုက်တွန်းလိုကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင် ၁၀ ဦးသို့ ချေးငွေများကို ထုတ်ပေးထားရှိပြီးဖြစ်ကြောင်း၊ ထို့ပြင်



ဆီစက်ချေးငွေကိုလည်း လုပ်ငန်းရှင်တစ်ဦးသို့ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ရှမ်းပြည်နယ် အေဂျင်စီအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရှမ်းပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည့်အချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ MSME များနှင့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှိပြီးစက်မှုဇုန်များနှင့်ပတ်သက်၍ စက်မှုဇုန်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုရှိစေရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကံချိုင်အခြေခံပညာအထက်တန်းကျောင်း၊ ဇီးချိုင်ရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ချောင်းအခြေခံပညာအထက်တန်းကျောင်း၊ ကညင်ချောင်း(တောင်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် သဲကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကညင်ချောင်း(မြောက်) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကုန်းတန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ စံထူး-စံပြ-အဏ္ဏဝါ အခြေခံပညာအထက်တန်းကျောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အချိန်ကိုတန်ဖိုးထား၍ ပညာကိုကြိုးစားသင်ကြားကြရန်၊ ပညာသင်ကြားရမည့်အရွယ်တွင် ပညာကို စဉ်ဆက်မပြတ် ကြိုးစားသင်ယူကြရန်၊ ပညာသင်ကြားရာတွင် အတန်းပညာများကို အမှန်တကယ်တတ်မြောက်အောင်



သင်ယူကြရန်နှင့် ငယ်စဉ်ကတည်းက ကြိုးစား၍ လူတော်လူကောင်း အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်




နေပြည်တော် နိုဝင်ဘာ ၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းမှ လှူဒါန်းငွေအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညွှန့်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ရေဘေးသင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးဒဏ်ကြောင့် နေအိမ်အဆောက်အအုံ၊ ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ရေဘေးဒဏ်သင့် ခံစားခဲ့ရသည့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၇၅ ဦးကို သက်ဆိုင်ရာဌာနများအလိုက်ဌာနကြီးမှူးများကို စေလွှတ်၍ ယာယီနေရာပြောင်းရွှေ့ပေးခြင်း၊ စားသောက်နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ထောက်ပံ့ငွေပေးအပ်မှုများကိုပထမအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းမှ လှူဒါန်းငွေအား ထပ်မံထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခုထောက်ပံ့မှုသည် တစ်ဦးချင်းလိုအပ်ချက် တစ်စိတ်တစ်ပိုင်းသာဖြစ်နိုင်သဖြင့် ထောက်ပံ့မှုများအား အကျိုးရှိစွာအသုံးချနိုင်ရေးဆောင်ရွက်ကြပါရန်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရေဘေးသင့်ဝန်ထမ်း ၁၇၅ ဦးအတွက် ဒုတိယအကြိမ်အဖြစ် လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းမှ လှူဒါန်းငွေအား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနအလိုက်ဌာနအကြီးအမှူးများက လက်ခံရယူခဲ့ကြပြီး ရေဘေးသင့်ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများပြုပြင် ဆောင်ရွက်မှုအခြေအနေနှင့်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ




နေပြည်တော် နိုဝင်ဘာ ၇

ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်မှုအခြေအနေနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လမ်းဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ ညွှန်ကြားရေးမှူးများက ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် လမ်းများ ပျက်စီးမှုအခြေအနေ၊ လတ်တလော ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြကြပြီး တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများကို မူလအခြေအနေသို့ရောက်ရှိအောင် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်အတိုင်း အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင်ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ တိုးချဲ့ဆောင် တည်ဆောက်မည့်နေရာနှင့် ဖ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဆေးရုံအတွင်း ပြုပြင်ဆောင်ရွက်နေသည်များ၊ တောင်ကြီးမြို့ရှောင်လမ်းဖြစ်သော အရှည် ၁၇ မိုင် ၄ ဖာလုံရှိသည့် လေးမိုင်ကွေ့-ညီမီး - လင်ကွင်း - ရွှေညောင်လမ်းတို့ကို စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ခရိုင်အဆင့် အရာထမ်းဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်မြို့နယ်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ (ရာကာ-၆၆၆)မျိုးအား အခကြေးငွေပေးသွင်းနည်းစနစ်ဖြင့် ရေပေးဝေဆောင်ရွက်ထားသောစံပြစိုက်ခင်း ၁၅ ဧက၏ အောင်မြင်ဖြစ်ထွန်းနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ကီတွတ်ကျေးရွာအနီး ပြည်မွေးမြူရေးဇုန်သို့သွားရောက်၍ ဦးလင်းကိုကိုခိုင်၏ နို့စားနွားမွေးမြူနေမှုနှင့် နို့ထွက်ပစ္စည်းဒိန်ချဉ်အား ထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း၊ ဦးဇော်မင်း၏ဒေသနွားမွေးမြူထားရှိမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး မေထုန်မဲ့သားစပ်သင်တန်းများအား မွေးမြူရေးဇုန်များတွင် သင်တန်းပေးခြင်းများဆောင်ရွက်သွားရန်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာထုတ်လုပ်သွားရန်၊ မွေးမြူရေးအစာအဖြစ် နေပီယာမြက်နှင့် အရိပ်ရသီးပင်စားပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ဦးအေးမော်၏ကာကီကင်ဘဲမွေးမြူရေးခြံနှင့် ဘင်္ဂလားနို့စားကျွဲမွေးမြူထားရှိမှုတို့အား လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်မြို့ နဝဒေးစက်မှုဇုန်သို့ရောက်ရှိခဲ့ပြီး စက်မှုဇုန်အဝင်လမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းပန်းခံဆောင်ရွက်နေမှုနှင့် စက်မှုဇုန်အဝင်ဆိုင်းဘုတ်ဆောက်လုပ်နေမှု၊ ပြည်မြို့ကမ်းနားလမ်းအဆင့်မြှင့်တင်ထားရှိမှုနှင့် ပြည်သူများ စိတ်လက်အပန်းဖြေနိုင်စေရေး ညအလှမီးတပ်ဆင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၄ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းတွင် ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းပရိသတ်ရှေ့တွင် ဒဂုံပေါ့အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ နာကျင်အချိန်ပို ၂ မိနစ်တွင် သက်ဝေမိုးက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ မြတ်ကောင်းခန့်နှင့် ရဲရင့်အောင်တို့က ရှမ်းယူနိုက်တက်အသင်းအတွက်ဦးဆောင်ဂိုးများဆက်လက်သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ဒဂုံပေါ့အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးရန် ကြိုးစားခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းအကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၂ ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း သိရသည်။

စည်သူအောင်

# ခွဲစိတ်ပြီးနောက် အနာကျက်မြန်စေရန်နည်းလမ်းများ

"ခွဲစိတ်ပြီးခြောက်ပတ်ကျော်လာရင် အမာရွတ်ရဲ့အရောင်က တဖြည်းဖြည်းလျော့လာပြီး သိသာထင်ရှားမှုလျော့နည်းလာပါတယ်။ ဒဏ်ရာနေရာက ဘေးပတ်ဝန်းကျင်ထက် အနည်းငယ်မြင့်နေတာလည်း လျော့သွားပြီး ဘေးကအရေပြားနဲ့အညီ ဖြစ်လာပါတယ်။ ခြောက်လကြာပြီးတဲ့အခါမှာ ခွဲစိတ်ထားတဲ့အမာရွတ်တွေ အားလုံးနီးပါးပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ မျိုးရိုးဗီဇ၊ ခွဲစိတ်တဲ့ဆရာဝန်ရဲ့ကျွမ်းကျင်မှု၊ ခွဲစိတ်မှုအမျိုးအစား၊ ခွဲစိတ်ပြီးပြန်ချုပ်ရာမှာအသုံးပြုတဲ့ အပ်အမျိုးအစား၊ ခွဲစိတ်တဲ့နေရာ စတာတွေပေါ်မူတည်ပြီး အမာရွတ်ထင်ကျန်မှုက တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါဘူး . . . "

ခွဲစိတ်ပြီးတဲ့အခါ အမာရွတ်အဖြစ် ကျန်တာကို ရှောင်လွှဲလို့မရပါဘူး။ အရေပြားမှာ အနာဖြစ်တာ၊ ထိခိုက်ဒဏ်ရာရတာတွေဖြစ်ရင်လည်း အမာရွတ် ကျန်ခဲ့ပါတယ်။ ခွဲစိတ်ကုသပြီးတဲ့နောက် ပထမ နှစ်ပတ်မှာ အနာကျက်စေဖို့ ဒဏ်ရာတစ်ဝိုက်မှာ အမာရွတ်တစ်သျှူးတွေဖြစ်လာပြီး ကော်လာဂျင်တွေစုပုံလာပါတယ်။ အမာရွတ်နားမှာ သွေးကြောအသစ်တွေဖြစ်လာပြီး ဒဏ်ရာကို အာဟာရပို့ပိုးပေးတာ၊ နီရဲတာ ဒါမှမဟုတ် ညိုတာ၊ ဘေးနေရာထက် အနည်းငယ်ပိုမြင့်တာတွေဖြစ်လာပါတယ်။ ခွဲစိတ်ပြီး ခြောက်ပတ်လောက်အထိ အမာရွတ်က ထင်ရှားနိုင်ပါတယ်။

ခွဲစိတ်ပြီးခြောက်ပတ်ကျော်လာရင် အမာရွတ်ရဲ့ အရောင်က တဖြည်းဖြည်းလျော့လာပြီး သိသာထင်ရှားမှုလျော့နည်းလာပါတယ်။ ဒဏ်ရာနေရာက ဘေးပတ်ဝန်းကျင်ထက် အနည်းငယ်မြင့်နေတာလည်း လျော့သွားပြီး ဘေးကအရေပြားနဲ့အညီ ဖြစ်လာပါတယ်။ ခြောက်လကြာပြီးတဲ့အခါမှာ ခွဲစိတ်ထားတဲ့ အမာရွတ်တွေ အားလုံးနီးပါးပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ မျိုးရိုးဗီဇ၊ ခွဲစိတ်တဲ့ဆရာဝန်ရဲ့ ကျွမ်းကျင်မှု၊ ခွဲစိတ်မှုအမျိုးအစား၊ ခွဲစိတ်ပြီးပြန်ချုပ်ရာမှာအသုံးပြုတဲ့ အပ်အမျိုးအစား၊ ခွဲစိတ်တဲ့နေရာ စတာတွေပေါ်မူတည်ပြီး အမာရွတ်ထင်ကျန်မှုက တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါဘူး။ ဒါပေမဲ့ ခွဲစိတ်ပြီးနောက်မှာ အမာရွတ်ထင်ကျန်တာနည်းပြီး အနာကျက်မြန်စေဖို့ အောက်ပါနည်းလမ်းတွေကို ဖော်ပြလိုက်ပါတယ်။

- ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာကို စားသုံးသင့်ပါတယ်။ ဆဲလ်တွေပြုပြင်ဖို့ လိုအပ်တာကြောင့် ပရိုတင်းများများစားပေးသင့်ပါတယ်။
- အရေပြားအစိုဓာတ်ထိန်းထားနိုင်ဖို့ ရေဓာတ်ပြည့်ဝအောင် ရေများများသောက်သုံးသင့်ပါတယ်။ လူတိုင်း နေ့စဉ် ရေခြောက်ဖန်ခွက်ကနေ ရှစ်ဖန်ခွက် ဒါမှမဟုတ် နှစ်လီတာကနေ သုံးလီတာအထိ သောက်သုံးသင့်ပါတယ်။
- လုံလောက်စွာ အိပ်စက်အနားယူသင့်ပါတယ်။ အလေးအပင် မ မသင့်ပါဘူး။
- နေရောင်နဲ့မထိတွေ့အောင် ရှောင်ကြဉ်သင့်ပါတယ်။ ခရမ်းလွန်ရောင်ခြည်က အနာကျက်နှေးစေနိုင်တာကြောင့် နေရောင်နဲ့မထိတွေ့အောင် ရှောင်ကြဉ်ရပါမယ်။
- ဒဏ်ရာတစ်ဝိုက် ပိုးမွှားတွေမဝင်ရောက်နိုင်အောင် သန့်ရှင်းပြီး ခြောက်သွေ့အောင် ထားသင့်ပါတယ်။
- ဒဏ်ရာပိုမဆိုးရအောင် ဆရာဝန်က ပိုးသတ်ဆေးသောက်ဖို့ညွှန်ကြားထားရင် ညွှန်ကြားချက်အတိုင်း သောက်သုံးသင့်ပါတယ်။
- ဒဏ်ရာတစ်ဝိုက်ကို ဗီတာမင်အီး၊ Baby oil နဲ့ ညင်သာစွာနှိပ်နယ်ပေးရင် သွေးစီးဆင်းမှုကောင်းမွန်စေပြီး အာဟာရဓာတ်တွေပိုမိုရရှိစေလို့ ဆဲလ်အသစ်ဖြစ်ပေါ်မှုကို မြန်ဆန်စေပါတယ်။
- ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ရရှိမှုနည်းပါးလာရင် ဒဏ်ရာအနာကျက်နှေးစေနိုင်တာကြောင့် ဆေးလိပ်မသောက်သင့်ပါဘူး။
- ဒဏ်ရာတစ်ဝိုက်မှာ ယားယံတာက အနာကျက်တဲ့ဖြစ်စဉ်ပြီးဆုံးသွားတာဖြစ်လို့ အလွန်အမင်းကုတ်တာမျိုး မပြုလုပ်သင့်ပါဘူး။ ဒဏ်ရာချုပ်ကြောင်းပေါ်က အနာဖေးယားယံနေရင် ရေအေးဝတ်တင်ပေးနိုင်ပါတယ်။
- ခွဲစိတ်ထားတဲ့နေရာက လပေါင်းများစွာကြာတဲ့တိုင်အောင် နာကျင်မှုကို အနည်းငယ်ခံစားရနိုင်ပါတယ်။ မခံရပ်နိုင်အောင် နာကျင်မှုတွေခံစားနေရတယ်ဆိုရင် ဆရာဝန်နဲ့ပြန်ပြဖို့လိုအပ်ပါတယ်။

**ခွဲစိတ်ပြီး မလုပ်သင့်တဲ့အရာများ**

ခွဲစိတ်ခြင်းဆိုတာ ဘဝမှာ တစ်ချိန်မဟုတ် တစ်ချိန် တွေ့ကြုံလာနိုင်ပါတယ်။ အသေးစားခွဲစိတ်မှုကနေ အကြီးစားခွဲစိတ်မှုအထိ တွေ့ကြုံလာနိုင်ပါတယ်။ ခွဲစိတ်မှုအောင်မြင်စေဖို့ ကြိုတင်ပြင်ဆင်ထားခြင်းက အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါတယ်။ မိမိနေပြန်ကောင်းစေဖို့ လုပ်ဆောင်ရမယ့်လုပ်ငန်းတာဝန်တွေကို ကန့်သတ်ထိန်းချုပ်ထားတာမျိုး၊ အလုပ်ကနေ ခဏအနားယူတာမျိုးတွေလည်း အပါအဝင်ဖြစ်ပါတယ်။

**မေ့ဆေးနဲ့ခွဲစိတ်ပြီးနောက် အချိန်အတိုင်းအတာတစ်ခုအထိ ကားမမောင်းသင့်**

ခွဲစိတ်ပြီးနောက် မပြုလုပ်သင့်တဲ့အရာတစ်ခုက ကားမောင်းခြင်းဖြစ်ပါတယ်။ မေ့ဆေးနဲ့ခွဲစိတ်တာဖြစ်တာကြောင့် နိုးထလာပြီးနောက်မှာ ကိုယ်က ဆေးအရှိန်ရှိတုန်းပဲဆိုရင် အပြည့်အဝပြန်လည်ကောင်းမွန်ဖို့အတွက် အချိန်ယူဖို့လိုအပ်ပါတယ်။ ကိုယ်က ပုံမှန်အတိုင်း ကောင်းမွန်နေတယ်လို့ ထင်နေရင်တောင် ဆေးအရှိန်ကြောင့် အာရုံကြောစနစ်တွေနဲ့ အသိစိတ်တွေက ပုံမှန်အတိုင်းမဖြစ်နိုင်သေးပါဘူး။ တချို့ခွဲစိတ်မှုတွေပြုလုပ်ပြီးနောက် ရက်သတ္တပတ်များစွာအထိ ကားမမောင်းသင့်ပါဘူး။

ဘေးကင်းစိတ်ချစွာ ကားမောင်းခြင်းဖြစ်စေဖို့ ခြေထောက်သာမက လက်မောင်း၊ ပခုံး၊ လည်ပင်းနဲ့ တစ်ကိုယ်လုံးကို အပြည့်အဝအသုံးပြုနိုင်ဖို့လိုအပ်ပါတယ်။ ဥပမာ- ရင်သားခွဲစိတ်မှုဆိုရင် လက်မောင်းအောက်ဘက်ကအကျိတ်ကို ခွဲထုတ်ရတာဖြစ်လို့ ၁၀ ရက်ခန့်အထိ ကားမောင်းလို့မရပါဘူး။

**ဆရာဝန်အကြံပြုထားတဲ့အသက်ရှူလေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်သင့်**

အသက်ရှူလမ်းကြောင်းစနစ်ကို တိုက်ရိုက်ထိခိုက်စေနိုင်တဲ့ ခွဲစိတ်မှုမျိုးကိုလုပ်ခဲ့ရင် ဥပမာ- နှလုံး၊ အဆုတ် ဒါမှမဟုတ် ဝမ်းဗိုက်ခွဲစိတ်ပြီးရင် မိမိဆရာဝန်က ခွဲစိတ်မှုအပြီး လုပ်ဆောင်ရမယ့် အသက်ရှူလေ့ကျင့်ခန်းကို ပြောပြပေးပါလိမ့်မယ်။ ခွဲစိတ်မှုတွေက အသက်ရှူခြင်းနဲ့ အဆုတ်ကိုအချိန်အတိုင်းအတာတစ်ခုအထိ မသက်မသာဖြစ်စေနိုင်ပါတယ်။ အဲဒီမသက်သာမှုကနေ အသက်ပြင်းပြင်း မရှူမိတာ ဒါမှမဟုတ် ချောင်းဆိုးတာ စတာတွေ ဖြစ်လာစေနိုင်ပါတယ်။ ဒီလိုဆိုရင်တော့ အဆုတ်ထဲမှာ အချွဲတွေစုလာပြီး အဆုတ်ပိုးဝင်ခြင်းအထိ ဖြစ်လာစေနိုင်ပါတယ်။ ခွဲစိတ်ပြီးနောက် ပြုလုပ်ဖို့ အသက်ရှူလေ့ကျင့်ခန်းပေးလိုက်ရင် အဲဒီလေ့ကျင့်ခန်းကို မပျက်မကွက် မှန်မှန်လုပ်ပေးခြင်းက အကောင်းဆုံးဖြစ်ပါတယ်။

**ခွဲစိတ်ပြီးနောက် ဆေးလိပ်မသောက်သင့်**

ဆေးလိပ်သောက်တတ်သူတစ်ယောက်ဆိုရင် ခွဲစိတ်မှုပြုလုပ်ပြီးနောက်မှာ ဆေးလိပ်ဖြတ်ဖို့ ဆရာဝန်က အကြံပေးပါလိမ့်မယ်။ ဆေးလိပ်သောက်ခြင်းက နှလုံးကို ဖိအားများစေတာဖြစ်လို့ သွေးလှည့်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေပြီး သွေးတိုးခြင်းဖြစ်လာစေနိုင်သလို အဆုတ်အပေါ်မှာလည်း မလိုလားအပ်တဲ့ ဖိအားတွေ ဖြစ်လာစေနိုင်ပါတယ်။ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အောက်ဆီဂျင် Level ကို ကျဆင်းစေနိုင်ပါတယ်။ ခန္ဓာကိုယ်ပြန်လည်ကောင်းမွန်ဖို့ လုပ်ဆောင်နေချိန်မှာ ဆန့်ကျင်ဘက်တွေပဲ ဖြစ်လာပါလိမ့်မယ်။ ခွဲစိတ်မှုခံယူပြီး ပိုးဝင်ခြင်းအထိ ဖြစ်လာစေနိုင်လို့ ဆေးလိပ်လုံးဝမသောက်သင့်ပါဘူး။

**ခွဲစိတ်ပြီးနောက် အလျှင်စလို မစားသောက်သင့်**

လူအများစုက ခွဲစိတ်မှုမတိုင်မီ ဆရာဝန်က ညွှန်ကြားထားတာကြောင့် မစားဘဲ ခွဲစိတ်ခန်းဝင်ခဲ့ရပါတယ်။ ဒီလိုမစားခိုင်းတာက အဆုတ်ကိုရှင်းလင်းနေစေဖို့ဖြစ်ပါတယ်။ မေ့ဆေးပါတဲ့ ခွဲစိတ်မှုလုပ်မယ်ဆိုရင် ခွဲစိတ်မှုပြီးနောက် စားသောက်မှုကိုကန့်သတ်ထားပါတယ်။ အစားအစာတွေကို မစားသုံးမီမှာ ကိုယ့်အစာခြေစနစ်က ကောင်းစွာအလုပ်လုပ်၊ မလုပ် သေချာသိဖို့လိုအပ်ပါတယ်။ ရေဓာတ်မခန်းခြောက်စေဖို့အတွက် ရေသောက်ဖို့ အရေးကြီးပေမယ့် ဖြည်းဖြည်းချင်းသောက်ပေးသင့်ပါတယ်။

အစားအသောက်တွေကို ပြန်စားမယ်ဆိုရင် ဝမ်းချုပ်ခြင်းလို အစာခြေပြဿနာတွေဖြစ်စေနိုင်တဲ့ အစားအသောက်တွေကို ရှောင်ကြဉ်တာက အကောင်းဆုံးဖြစ်ပါမယ်။

ခွဲစိတ်ပြီး အချိုရည်၊ အရက်၊ ဘီယာမသောက်သုံးသင့်ပါဘူး။ ခန္ဓာကိုယ်မှာရှိတဲ့ ရေဓာတ်ညစ်နွမ်းစေတယ်။ ဆေးသောက်ဖို့မမေ့သင့်ပါဘူး။ ဆေးသောက်ဖို့ညွှန်ကြားတဲ့အချိန် သောက်သင့်ပါတယ်။ ခွဲစိတ်ပြီးတဲ့နေရာကို ဖိအားအလွန်အကျွံမပေးသင့်ပါဘူး။ (ဥပမာ-အလေးမခြင်း) ဆရာဝန်ကခွင့်ပြုတဲ့အချိန်ထိ အားကစားမလုပ်ရပါဘူး။ အနားယူသင့်ပါတယ်။ နာကျင်မှုခံစားရရင် ဆေးသောက်ပေးဖို့လိုအပ်ကြောင်း ခွဲစိတ်ပြီးနောက် အနာကျက်မြန်စေဖို့ နည်းလမ်းတွေကို ရေးသားလိုက်ရပါတယ်။

ဒေါက်တာလွင်သန့်

# နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ



နတ်မောက် နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး ဇလင်းတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ လမြတ်တန်ဆောင်ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲသို့ နတ်မောက်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

လှဝင်း

